ကြို့ကုန်းကျေးရွာ

အုတ်တွင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြို့ကုန်းကျေးရွာ၊ အုတ်တွင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျားမရေးရာ

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း(၂) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကြို့ကုန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊သရက်ပင်မောင်နှမကျေးရွာအုပ်စုတွင်ပါဝင်ပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းကြားတွင်ရှိပြီး ဥယျာဉ်တော်သစ်စက်-ရေလျှံလမ်းမှခွဲထွက်သော ကရင်စု-ကြို့ကုန်း-သရက်ပင်မောင်နှမလမ်းပေါ်တွင်တည်ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင်လယ်ကွင်းများရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များအဖြစ် သရက်၊ မရမ်း၊ ကုက္ကိုလ်၊ ငှက်ပျောစသောအပင်များပေါက်ရောက်ပြီး စပါးစိုက်ပျိုးနိုင်သော လယ်(၇၇၅)ဧကရှိပြီး ဆည်ရေရရှိသဖြင့် မိုးစပါးသာမက နွေစပါးကိုပါ စိုက်ပျိုးနိုင်သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းရှိအသင်းအဖွဲ့များမှာ သာရေးနာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဘာသာရေးလုပ်ငန်းများအား ဝိုင်းဝန်းဆောင်ရွက်ကြသည်။ ကျေးရွာအတွင်းရှိအသင်းအဖွဲ့များမှာ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပြီး လုပ်ငန်းတာဝန်များကို တက်ကြွစွာဆောင်ရွက်ကြသည်။

(၄)စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာအဓိကစီးပွါးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ လယ်မြေများတွင် မိုးစပါးနှင့်နွေစပါးကို စိုက်ပျိုးကြကာ မြေဆီအရည်အသွေးမကောင်း၍

သွင်းအားစုကုန်ကျစရိတ်များသောကြောင့် အကျိုးအမြတ်ရရှိမှုအနည်းငယ်မှ အသင့်အတင့်သာရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာ၏(၆၂ %)ဝန်းကျင်ခန့်မှာဝက်မွေးမြူသူ အိမ်ထောင်စုများဖြစ်ပြီး အများစုမှာ ဒေသဝက်မျိုးများကိုသာ မွေးမြူကြသည်။ အသားတိုးဝက်မွေးမြူသူအချို့ရှိသော်လည်း စီးပွားဖြစ်မွေးမြူသူမရှိပါ။ ဒေသကြက်မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၄၃ %)ခန့်ရှိပြီး ဘဲမွေးမြူသူ (၂၃%) ခန့်ရှိကာ ကျွဲနွားမြင်းမွေးမြူသူအနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများအဖြစ် ဆီးချူပ်၊ ဝမ်းချူပ်ရောဂါ

၂

နှင့်ဝက်နားရွက်ပြာရောဂါများ ဖြစ်ပွားတတ်ကာ သေဆုံးပျက်စီးမှု အနည်းငယ်သာရှိတတ်သည်။ ဆင်းရဲသောအိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်း တည်ထောင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန်ချေးငွေ အလွယ်တကူမရရှိနိုင်ဘဲ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားလွန်း၍ အကျိုးအမြတ် ရရှိနိုင်မှုနည်းပါးသည်။

နွားမွေးမြူသူအိမ်ထောင်စု (၄၅%)ခန့်ရှိပြီး လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်အတွက် မွေးမြူကြခြင်းဖြစ်သည်။

(ဂ) ငါးလုပ်ငန်း

ငါးမွေးမြူရန် ရေနှင့် မြေနေရာ အဆင်မပြေခြင်း၊ ငါးမျိုးရရှိရန် လက်လှမ်းမီမှု မရှိခြင်းတို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်း မရှိပါ။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်းတို့မှအပ အခြားဝင်ငွေရလုပ်ငန်းများ နည်းပါးသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်စျေးကွက်အနေအထားအရ အကျိုးအမြတ်ရရှိနိုင်မှု အနည်းအပါးမှအသင့်အတင့်ရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူများပြားပြီး အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုအားနည်း၍ လုပ်ငန်းခွင်သုံးပညာ အရည်အချင်း နိမ့်ကျကြပြီး ကျွမ်းကျင်မှု အခြေခံသည့်အလုပ်အကိုင်ရရှိမှု အားနည်းသောကြောင့် လုပ်အားခရရှိမှု နည်းပါးသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လျှင် အတိုးနှုန်း ပြား(၈၀)နှုန်းဖြင့် လယ်တစ်ဧကလျှင် ကျပ်(၁၅၀၀၀၀)ချေးယူနိုင်ပြီး တောင်သူတစ်ဦးလျှင် အများဆုံး လယ်(၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ ထို့အပြင် မြို့နယ်သမဝါယမအသင်းမှလည်း အတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ချေးယူနိုင်သည်။

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းဖြစ်သော ကရင်စု-ကြို့ကုန်း-သရက်ပင်မောင်နှမလမ်းမှာ ကျောက်ရောမြေခင်းထားသော်လည်း စနစ်တကျ ခင်းထားမှုမရှိခြင်း၊ လမ်းဘေးရေမြောင်း မပါရှိခြင်းနှင့်အသုံးပြုမှုများခြင်းတို့ကြောင့် မိုးများသောကာလများတွင် သွားလာရခက်ခဲပါသည်။ ရန်ကုန်- မန္တလေးလမ်းဟောင်းနှင့် ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးကို ဆက်သွယ်

သောဥယာဉ်တော်သစ်စက်-ရေလှဲလမ်းကို အသုံးပြုရပြီးထိုလမ်းကို ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။ အထက်တန်းကျောင်းခွဲရှိရာ ကံသုံးဆင့်ကျေးရွာနှင့် ဆက်သွယ်သည့် ကြို့ကုန်း-နလိမ်ကုန်း-ကံသုံးဆင့်လမ်းမှာ ကံသုံးဆင့်ရွာဖက်မှစ၍ နလိမ်ကုန်းကျေးရွာနှင့် ကြို့ကုန်းကျေးရွာကြားရှိလမ်းပိုင်းအထိ ကျောက်ခင်းထားပြီး ဖြစ်ပါသည်။ ကျန်ရှိနေသော လမ်းပိုင်းမှာ မြေသား လမ်းဖြစ်၍ မိုးရာသီတွင်ကျောင်းသူ/သားများ ကျောင်းသို့သွားရန်ခက်ခဲနေပါသည်။

လျှပ်စစ်မီးသုံးစွဲနိုင်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာတွင်းလျှပ်စစ်မီးသုံးစွဲနိုင်ခဲ့သော်လည်း (၄၉)ခန့်သောအိမ်ထောင်စုများမှာ သတ်မှတ်ထားသောငွေကြေးထည့်ဝင်နိုင်ခြင်းမရှိ၍ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်း မရှိသေးပါ။

မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ကာ သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ကြသည်။

(၆) ပညာရေး

ကျေးရွာတွင် မူလွန်ကျောင်းရှိပြီး အလယ်တန်းအဆင့်ထိပညာသင်ကြားနိုင်သောအရွယ်ရှိကလေးများအားလုံးနီးပါး ပညာသင်ယူနေကြပါသည်။ ကျေးရွာရှိကျောင်းသားစုစုပေါင်း၏(၂၅ %)ခန့်မှာ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တွင်ပညာသင်ယူနေပါသည်။ ရွာသူ/သားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင်သည့်ရာခိုင်နှုန်းလည်း မြင့်မားသည်။ ကျောင်းတွင်းပရိဘောဂလုံလောက်မှုရှိပြီး ဆရာ/ဆရာမ အင်အားလည်း လုံလောက်မှုရှိပါသည်။ ကျောင်းဖွင့်ရာသီတွင် မူလတန်း ကျောင်းသူ/

သားများအား ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ပံ့ပိုးပေးခဲ့သည်။ အာဟာရ တိုက်ကျွေးမှုများလည်းရှိပါသည်။

(၇) ကျန်းမာရေး

ကျေးရွာသူ/သားများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှရရှိနိုင်ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား အုတ်တွင်းမြို့နယ်ဆေးရုံနှင့် တောင်ငူအထွေထွေရောဂါကုဆေးရုံကြီးတို့၌လည်း သွားရောက်ကုသနိုင်ပါသည်။

သောက်သုံးရေအတွက် လက်နှပ်တုံကင်အသုံးပြုသူများပြီး အချို့မှာရေတွင်းနှင့်အဝီစိစက်တပ်တို့မှသုံးစွဲကြကာ တစ်နှစ်ပါတ်လုံး ရေလုံလောက်စွာသုံးစွဲနိုင်ပါသည်။

အိမ်သာသုံးစွဲမှုတွင် အများစုမှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ ဝါးဖြင့်ရက်လုပ်ထားသောရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသဖြင့် ဆက်စပ်ဖြစ်ပွါးတက်သောရောဂါဖြစ်ပွါးမှုအလွန်နည်းပါးသည်။ စာသင်ကျောင်းရှိ ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရအဆင်ပြေပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာအနီးတွင် မြစ်၊ချောင်းများမရှိသော်လည်း မိုးများသောကာလများတွင် ရံဖန်ရံခါ မိုးရေကြီးခြင်းများရှိပါသည်။

လယ်မြေများသည် မြေဆီအရည်အသွေးညံ့သောကြောင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားလာပြီး သွင်းအားစုကုန်ကျစရိတ်များပြား၍ အကျိုးအမြတ်ရရှိမှု နည်းပါးလာနိုင်ပါသည်။

စွန့်ပစ်ပစ္စည်းများစနစ်တကျ စီမံခန့်ခွဲမှုမရှိ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးသင့်သည်။

(၉) ကျား- မ ရေးရာ

ကျား-မဆိုင်ရာဆက်နွယ်မှုအနေအထားကောင်းမွန်ပြီး မိသားစုအတွင်းကျား-မအခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြကာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မရှိပါ။

အမျိုးသားများနှင့်အမျိုးသမီးများသည် ပညာရေးနယ်ပယ်နှင့် အခြားနယ်ပယ်များတွင် ယေဘုယျအားဖြင့် အခွင့်အရေးတူညီစွာရရှိသည်ဟု သတ်မှတ်နိုင်သည်။

ပညာရေးဆိုင်ရာကိန်းဂဏန်းများတွင်လည်း ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် ပညာသင်ယူမှုဆိုင်ရာအခွင့်အရေးမှာ တန်းတူပင်ဖြစ်သည်။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုရှိပြီး အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပြီး ကျေးရွာလူထုမှ အမှတ်ပေးစနစ်ဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးတွင် ဦးစားပေးစီမံချက်အစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့ စီမံချက်များကို အကောင်အထည်ဖော်ရာ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အခြားလူမှုအဖွဲ့အစည်းများ ထံမှ နည်းပညာအကူအညီများ၊ အခြားအထောက်အပံ့များ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

သရက်ပင်မောင်နှမကျေးရွာအုပ်စု၊
ကြို့ကုန်းကျေးရွာ

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကြို့ကုန်း-နလိမ်ကုန်းကျေးရွာချင်းဆက်လမ်းကျောက်ရောမြေခင်းခြင်း	၁	Â				
၂	ကြို့ကုန်း-ကရင်စုကျေးရွာချင်းဆက်လမ်းကျောက်ခြောခင်းခြင်း	၂		Â			
၃	ကျောင်းဆောင်ပြုပြင်နိုင်ရေး	၃			Â		
၄	ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်း	၄				Â	

၅	ကျေးရွာလုံးကျွတ်လျှပ်စစ်မီးသုံးစွဲနိုင်ရေး	၅					Â

ပဲခူးတိုင်းဒေသကြီး၊တောင်ငူခရိုင်၊အုတ်တွင်းမြို့နယ်
ကြို့ကုန်းကျေးရွာ၊ သရက်ပင်မောင်နှမ ကျေးရွာအုပ်စု
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရဲဝင်းမြိုင်	ဦးသာတင်	ဂ/အတန(နိုင်) ၀၉၈၇၄၂	၄၂	ဥက္ကဋ္ဌ	၀၉- ၉၇၉၅၄၉၀၈၈
၂	ဦးကျော်ဇေယျ	ဦးဖိုးစီ	ဂ/အတန(နိုင်) ၀၈၉၉၇၈	၂၉	အတွင်းရေးမှူး	၀၉-

						၄၂၉၇၅၅၀၆၀
၃	ဦးဆန်းဝင်း	ဦးသောင်း	၇/အတန(နိုင်) ၀၇၆၈၀၃	၄၂	ဘဏ္ဍာရေးမှူး	၀၉- ၄၇၄၃၂၀၁၇
၄	ဦးဌေးအောင်	ဦးတင်	-	၅၈	အဖွဲ့ဝင်	၀၉- ၇၇၃၄၀၄၄၇၇
၅	ဦးဇော်မင်း	ဦးအေး	၇/အတန(နိုင်) ၀၉၃၄၄၉	၃၈	အဖွဲ့ဝင်	၀၉- ၉၇၀၇၆၀၄၈၄
၆	ဒေါ်မိုးသီတာ	ဦးရဲမြင့်	၇/အတန(နိုင်) ၁၁၀၁၆၉	၄၁	အဖွဲ့ဝင်	၀၉- ၉၇၉၂၀၄၄၉၀
၇	ဒေါ်ခိုင်ခိုင်လွင်	ဦးဝင်းမောင်	၇/အတန(နိုင်) ၁၃၁၁၇၇	၂၃	စာရင်းကိုင်	၀၉- ၄၅၃၀၉၇၉၀၂

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၄	၁၁

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၀	၂၂	၄၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၈	၃၅	၇၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၉	၁၉	၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၁	၂၄၀	၄၇၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၅	၃၀	၄၅
စုစုပေါင်း		**၃၄၀**	**၃၅၀**	**၆၉၀**
စုစုပေါင်း အိမ်ထောင်စု		**၁၇၇**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။(မ)ဦးရေသည် (ကျား)ဦးရေထက် အနည်းငယ်ပိုများပါသည်။ အလုပ်လုပ်နိုင်သောဦးရေ၏(၆၈%)ကျော်ခန့်ရှိသဖြင့် လူစွမ်းအားအရင်းအမြစ် ကောင်းမွန်သော ကျေးရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၇၇၅	သင့်	ရ	မိုးရေ/ဆည်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၇၇၅			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာ၏စိုက်ပျိုးမြေအားလုံးသည် လယ်မြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေးအသင့်အတင့်ရှိပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)**
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	သင့်	လွယ်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	များ	လွယ်
ပျမ်းမျှအပူချိန် - သင့်	ပျမ်းမျှ မိုးရေချိန် - သင့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် သဘာဝအရင်းအမြစ် မရှိကြောင်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	**အဖွဲ့အစည်း အမည်**	**အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုပ်ငန်းတာဝန်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	**အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်**
၁	အုပ်ချုပ်ရေး မှူးနှင့်ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၂	သာရေး နာရေး	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃	ကျောင်း ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၄	မိခင်နှင့် ကလေး စောင့်ရှောက်ရေး	၁☐ ၂☑ ၃☐	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅	မီးကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆	ကျေးရွာဖွံ့ ဖြိုးရေး ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။အဖွဲ့အား လုံး၏ လုပ်ငန်းများသည် ပရဟိတလုပ်ငန်းသဖွယ်သာဖြစ်ပြီး လုပ်ငန်းတာဝန်ကို ကိုယ်ကျိုးစွန့်၍ တက်ကြွစွာလုပ်ဆောင် ကြသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ ဧက	၇ ဧက	မရှိ	မရှိ
အိမ်အခြေအနေ	၂ ထပ်တိုက်	ပျဉ်ထောင်အိမ်	ထရံကာအိမ်	ထရံကာအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	–	–	–	–
အဓိကစီးပွားရေး	စိုက်ပျိုးရေး၊	စိုက်ပျိုးရေး	ကျပန်း	ကျပန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
လုပ်ငန်း	အရောင်းအဝယ်			
အိမ်ထောင်စု	၃၀	၃၅	၄၂	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ဆင်းရဲအဆင့်အိမ်ထောင်စုမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားအဖြစ်လုပ်ကိုင်ကြ၍ ဆင်းရဲသောအိမ်ထောင်စုများမှာ မြေယာမဲ့များ ဖြစ်ကြပြီး ကျပန်းလုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် ( )ရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်ကြသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းဝယ်လုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ကြသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၅	၄၈.၀၂%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၁	၆.၂၁%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၃၄	၁၉.၂၁%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၃	၁၃%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၄	၁၃.၅၆%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၇၇		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ များ၏ (၁၉.၂၁%)မှာ စိုက်ပျိုးမြေက(၂.၅)မှ(၅.၀)ကြား ပိုင်ဆိုင်ကြပြီး (၁၂.၅)ဧကအထက် ပိုင်ဆိုင်သူ (၂၄)ဦး သာရှိသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
စပါး	၇၇၅	တင်း	၇၅	၉၀	၈၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မြေဆီလွှာအရည်အသွေး မကောင်းခြင်း သွင်အားစုကုန်ကျစရိတ်များသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇၉	၁၆၉
နို့စားနွား	–	–
ကျွဲ	၆	၁၂
မြင်း	၃	၁၀
မြည်း	–	–
လား	–	–
ဆိတ်	–	–
သိုး	–	–
ဝက်	၁၀၉	၂၇၉
ကြက်	၇၆	၄၉၁

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ	၄၀	၃၁၇
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိဘဲ မိသားစုတပိုင်တနိုင်သာ မွေးမြူကြသည်။ ကျွဲ၊နွားများကို စိုက်ပျိုးရေးလုပ်ငန်းတွင် ခိုင်းစေရန်အတွက် အဓိကမွေးမြူကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၂	၈	-	လတ်

၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်သမား၊ပန်းရံလုပ်ကိုင်သူများရှိပြီး ရပ်တည်နိုင်မှု အခြေအနေ အသင့်အတင့်ရှိသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	တောင်ငူဈေး	တောင်ငူဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☑ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ထွက်ကုန်များအား တောင်ငူဈေးသို့သွားရောက် ရောင်းချကြသည်။ လိုအပ်သောလူသုံးကုန်ပစ္စည်းများကိုလည်း ထိုဈေး၌ပင် ဝယ်ယူနိုင်သည်။ တောင်ငူဈေးသည် အနီးဆုံးဈေးသာမက အကြီးဆုံးဈေးလည်းဖြစ်သည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်းအမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☑ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်	၀-၁ မိုင် ☑ ၁-၅ မိုင် ☐

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
			လုံး☑	၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☑ ၂☐ ၃☑ ၅☑	ကောင်း☐ သင့် ☑ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ် လုံး☑	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☑ ၂☑ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☑ ညံ့ ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ် လုံး☑	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာချင်းဆက်လမ်းများမှာ ကျောက်ရောမြေလမ်းများဖြစ်သည်။ ကျေးရွာတွင်းလမ်းများမှာ မြေလမ်းများဖြစ်ပြီး ကျောက်ချောလမ်းများ ခင်းရန်လိုအပ်ပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐	ပွင့်လင်းရာသီ ☐

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးများ အသုံးပြုခြင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး အစား	လှေ၊ သမ္ဘာန်	စက်လေှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာဂျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁၃၈	၁၃၂	-	-	၂	-	၇၇

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဆက်သွယ်သွားလာရေးလွယ်ကူစေရန် ဆိုင်ကယ်များမသုံးပြုကြပြီး ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရန် ကားများအသုံးပြုကြသည်။ လယ်၊ယာလုပ်ငန်းတွင် နွားလှည်းများ သုံးစွဲမှု အနည်းငယ်ရှိသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၀၃
ဆိုလာစနစ်	၇၀
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၇၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မဟာဓါတ်အားလိုင်းမှ သုံးစွဲသော အိမ်ထောင်စုများမှာ အဆင်ပြေကြပြီး ဆိုလာစနစ်သုံးစွဲသူများမှာ မီးသီးသုံးစွဲရန်သာ အသုံးပြုကြသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၆၂	၃	၇၄

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ မိုဘိုင်းဖုန်း၊ ရေဒီယိုနှင့် ဂြိုလ်တုစလောင်းများ အသုံးပြုနိုင်ခြင်းကြောင့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီ သိရှိနိုင်ပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၀	၄၀	၉၀
အလယ်တန်း	၂၁	၁၈	၃၉
အထက်တန်း	၁၅	၂၁	၃၆
တက္ကသိုလ်/ကောလိပ်	၃	၄	၇

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး အလယ်တန်းအဆင့်ထိ ပညာသင်ကြားနိုင်သော အရွယ်ရှိကလေးများ၏ (၇၀%)ခန့် ပညာသင်ကြားနေပါသည်။ ကျေးရွာရှိ ကျောင်းသားစုစုပေါင်း၏ (၂၅%)မှာ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် ပညာသင်ယူ နေပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☑	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင်	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင်	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင်

အကြောင်းအရာ	(၁)			(၂)			(၃)		
	☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			☐ ၁၅ မိုင် မှ ၂၀ မိုင် ☑ ၂၀ မိုင် အထက် ☐			☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
၇။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၄၉၀၈ စ/ပေ								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☑ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☑ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျောင်း**	**မ**	**ပေါင်း**	**ကျောင်း**	**မ**	**ပေါင်း**	**ကျောင်း**	**မ**	**ပေါင်း**
အစိုးရခန့်	၅	၇							
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ဆရာ/မ လုံလောက်မှုရှိပါသည်။ အလယ်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်ထား၍ ကျောင်းဆောင်လုံလောက်မှုမရှိပါ။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☑	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☐	မရှိ☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☑	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့်☑	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☑	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☑	မရှိ☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☑	မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသဖြင့် ချိတ်ဆက်နိုင်မှုလွယ်ကူပြီး ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်နိုင်ခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်း နည်းပါးသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ	-	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	-	
၃	ပိုလီယိုရောဂါ	-	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	-	
၅	ဝက်သက်ရောဂါ	-	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	-	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	-	
၈	အာဟာရ ပညာပေး အစီအစဉ်	-	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများကို လစဉ် ဆောင်ရွက်ပေးပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	**ခရီး အကွာအဝေး (မိုင်)**	**အခန်း/ကုတင် လုံလောက်မှု**
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐	ရှိ ☑

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☑	မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆေးပေးခန်းရှိပါသည်။ အုတ်တွင်းမြို့နယ်ဆေးရုံနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူသည်။ ရောဂါပြင်းထန်ခြင်း၊ အကြီးစားထိခိုက်မှုများရှိပါက တောင်ငူမြို့နယ် ဆေးရုံသို့ သွားရောက်ကုသနိုင်သည်။ ဆေးရုံအခြေအနေကောင်းမွန်၍ အခန်း၊ ကုတင်နှင့် ဆေးဝါးအထောက် အကူပစ္စည်းများ လုံလောက်မှုရှိသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁၃၈	ကောင်း☐ သင့်☑ ညံ့☐	မိုး၊ ဆောင်း၊နွေ
အဝီစိတွင်း/ စက်တပ်	၄	ကောင်း☑ သင့်☐ ညံ့☐	မိုး၊ ဆောင်း၊ နွေ
အဝီစိတွင်း/ တုံကင်	၉၇	ကောင်း☑ သင့်☐ ညံ့☐	မိုး၊ ဆောင်း
မိုးရေ သိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းေ ေ	-	ကောင်း☐ သင့်☐ ညံ့☐	
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြေမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေထွက်ပင်ရင်းကောင်းသော်လည်း ဆင်းရဲချို့တဲ့သူအချို့မှာ ရေတွင်း၊ရေကန်တူးဖော်နိုင်ခြင်းမရှိဘဲ အများပိုင်ရေတွင်းတွင် သုံးစွဲရပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၁၅၅
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုများသည် ယင်လုံအိမ်သာသုံးစွဲပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	-
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	-
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	ငှက်ဖျားရောဂါ	-
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	-
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွက် ဘေးအန္တရယ်ထိခိုက်မှု အခြေအနေများမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	-
အပင်မျိုးစိတ်များ	လတ်	-
ရေအရင်းအမြစ်	လတ်	-
ငါးမျိုးကွဲများ	နိမ့်	-
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲရန် နည်းပညာမသိခြင်းတို့ကြောင့်

မြေဆီသြဇာများ ပျက်ယွင်းလာသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☑	မရှိ ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာခေါင်းဆောင်မှုအဝိုင်းတွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။